

ဖိုးလပြည့်

လုံးချင်းဝတ္ထုသစ်

# လွမ်း★တာမို့

## နင်ရယ်ငါရယ် ဟောဒီကောင်းကင်ပြာကြီးရယ်

ပန်းချီသိန်းရွှေကြည်

2013

# အခန်း (၁)

"ဘယ် ... ညာ ... ဘယ် .... ညာ .... ဘယ် .... ညာ"

"ဟယ် ... ကြည့်စမ်း"

ကျောင်း လွှတ်လိုက်ပြီ ဆိုကတည်းက ဟိုဗရုတ်ကောင်အုပ်စုတွေ ကျူးနောက်ကို လိုက်လာကြတာ ရှောင်လို့ တောင်မရ။

ဘယ်ညာ ဆိုပြီးတော့လည်း နောက်ကနေ သံပြိုင်အော်သည် ။ ဟီး ဟီးဟားဟား အသံတွေ ကလည်း ဆူညံနေသည် ။

"ကျူး ... ခဏလေးနေပါဦး ..."

"နင် ... နင်တို့ ပြဿနာ မရှာနဲ့ နော်"

"မရှာပါဘူး ကျူးရယ် ...ဒီမှာ နင့်ကိုစားပေးချင်လို့ ပါ"

"ဟယ် ... ကြည့်စမ်း ... သေနာကောင်"

"ဟား ...ဟား"

ကြည့်လိုက်တော့ သူ့လက်ထဲမှာ ကိုင်ထားတာ စာကလေးအသေ ကောင်ကြီး။ ကျူး နှုတ်ခမ်းလေး စူပုပ်သွားသည် ။

ကျောင်းလွှတ်တိုင်း ကျူးက အစခံနေကျပါ။ ဒီလိုပြောပြီ၊ စပြီဆို ကျူးမျက်နှာလေးက ရဲပြီး နှုတ်ခမ်းလေးကိုလည်း တစ်တောင်မက

အောင် စူထော်ထားမိ၏။

ကျောင်းအပြင်ဘက် ကားလမ်းနံဘေးက ကုက္ကိုပင်ကြီးအောက်ကို ရောက်တော့မှ ကျောင်းဝင်းကနေ စက်ဘီးတစ်စီးနဲ့ ထွက်လာမယ့်ကိုကို့ ကို စောင့်ရတာလည်း နေ့တိုင်းပဲလေ။

ကိုကို မလာမချင်း ကျူးတစ်ယောက်တည်း အစခံနေရတာ။

"အရမ်းချစ်ဖို့ ကောင်းတယ် ကျူးရာ"

"နှုတ်ခမ်းကြီးစူထားတာ မမိုက်ဘူးနော်"

"ပါးပြင်မှာ သနပ်ခါးလေးနဲ့ ..."

သီချင်းကို မကြားတကြား အော်ဆိုသွားတဲ့ လူကလည်း မရှား။ ဟွန်း ... ကျူးကတော့ ဂရုမစိုက်ပါဘူး။

အနားကပ် လာပြီး ရိသဲ့သဲ့လုပ်လို့ ကတော့ ဘုန်းခနဲ ရိုက်ထည့်လိုက်မှာ ။ ပြောရရင် ဒီကျောင်းမှာ စွာတေးအလန်ဆုံးကလည်း ကျူး ... လုပ်မနေပါနဲ့ ကျူးက ကိုးတန်းပေမယ့် ဆယ်တန်း ကျောင်းသားကြီးတွေကလည်း ကျူးကိုမြင်ရင် လှည့်မကြည့်ဘဲ မနေနိုင်ကြ။

"ဟော ..."

တွေ့လား အဲဒီကိုကို ...။

ကျူးစောင့်နေပါတယ်ဆိုမှ ကျောင်းအပေါက်ဝမှာ ဘယ်သူနဲ့ ရပ်စကားပြောနေတာလဲ။ ကြည့်စမ်း ... ဒီကျောင်းမှာ ကျူးတစ်ခါမှ မမြင်ဘူးသေးတဲ့ ကောင်မလေးတစ်ယောက်။ ကျူး ...ဒါကိုကြည့်ပြီး နှုတ်ခမ်းလေးက ပိုပြီးတော့တောင် စူထော်သွားသည် ။

ဟင် ... ဒီဘက်ကို လာနေပြီ။ အောင်မယ် ... အောင်မယ် နှစ်ယော

က်သား စက်ဘီးလေး ကိုယ်စီတွန်းရင်း ဒီဘက်ကို လမ်းလျှောက်လာတာ ရယ်လို့ မောလို့ ပါလား။

ကျူး မသိချင်ဟန်ဆောင်ပြီး မျက်နှာလေးကို ဆတ်ခနဲ လွှဲပစ်လိုက်တာ ကိုကို့ကို မကျေနပ်လို့ ။ ရမလား ကျောင်းမှာ ကိုကိုဘယ်သူနဲ့ ခင်တာကိုမှ ကျူးက မကြိုက်ပါဘူး။ နေပါစေ ... အနားရောက်မှ ကိုကို သိမယ်။

"ကျူးရေ ... ဒီမှာ လေ ကိုကိုတို့ ကျောင်းကို ဒီနေ့မှ ပြောင်းလာတဲ့ ကျောင်းသူအသစ်လေးနဲ့ မိတ်ဆက်ပေးမလို့၊ ကိုကိုခေါ်လာတယ်ကွ ... လှည့်ကြည့်ပါဦး"

တွေ့လား မရောက်ခင် အူမြူးနေတဲ့ အသံနဲ့ ကိုကို အော်ပြောနေတာ ။ အစတုန်းကတော့ လှည့်မကြည့်ဘဲ ကျူး ဒီအတိုင်း နေပစ်လိုက်မလို့ဘဲ။ ခုတော့ ... မကောင်းပါဘူး ဆိုတဲ့ သဘောနဲ့ ကျူး လှည့်ကြည့်ပစ်လိုက်တာ သိပ်လည်း ဂရုစိုက်နေစရာ မလိုဘူးထင်လို့ ပါ။

"ဟင် ... ဘယ်က ပြောင်းလာတဲ့ ကျောင်းသူအသစ်လဲ"

"ရန်ကုန်က ပြောင်းလာတာလေ ... ရွှေတောင်မှာ စာမေးပွဲဖြေမလို့တဲ့ ၊ သူက ကိုကိုနဲ့ အတူတူ ဆယ်တန်းပဲ၊ ကြိုးကြာ ... ဒါ တို့ ပြောတဲ့ တို့ ဘေးခြံက ကျူးဆိုတဲ့ ကောင်မလေးလေ ... ငယ်ငယ်လေးကတည်းက တို့ နဲ့ အတူတူ ခြံချင်းကပ်နေလာလို့ တအားခင်နေတာ"

"အို ... ကျူးမျက်နှာလေးက ချစ်စရာလေးနော် နွေရတု"

ကျူး မျက်မှောင်လေးကုတ်ကာ မော့ကြည့်သည် ။

နွေရတုက ကျူးငယ်ထိပ်ကလေးကို လှမ်းပုတ်ကာ ...

"ကျူး ..."

"ဟာ ...ဘာလဲ ကိုကိုရာ"

"နှုတ်ခမ်းကြီး စူမထားနဲ့ လေ ... နောက်ဆိုရင် ကိုကိုတို့ သုံးယောက်က ကျောင်းသွား ကျောင်းပြန် အတူတူသွား၊ အတူတူပြန်ရတော့မှာ ၊ ကြိုးကြာက ကိုကိုတို့ နဲ့ တစ်လမ်းကျော်မှာ နေတာလေ ကျူးရဲ့ "

"ဟာ ... မသွားချင်ပါဘူး ... ရှုပ်တယ်"

"ဘာ ... ဘာပြောတယ် ... ကျူး"

နွေရတု အထိတ်တလန့်လေး ဖြစ်သွားသည် ။ ဘယ်သူ့ကိုမှ အားမနာတတ်တဲ့ ကျူးကတော့ ...

"ဟုတ်တယ်လေ ... ကျူး မခင်ချင်လို့ ပြောတာ"

နှုတ်ခမ်းလေးကိုလည်း ကျူး စူထားဆဲ။

ကြည့်စမ်း ... မခင်ချင်လို့ ပြောတာတဲ့ ။ နွေရတု မျက်နှာပျက်နေသည် ။ ကြိုးကြာကိုလည်း အားနာပါးနာ ပြန်လှည့်ကြည့်ရ၏။

"ကျူးကို စိတ်မဆိုးနဲ့ နော် ကြိုးကြာ ... ကျူးက စကားပြောရင် အဲဒီလို ဂျစ်တစ်တစ်လေး ပြောတတ်တာ အကျင့်ပါနေတာ"

"ရပါတယ် ... ကဲ ... ကြိုးကြာ သွားတော့မယ်နော် နွေရတု"

"ဟင် ... သွားတော့မလို့ လား"

"နောက်ကျထားတဲ့ စာတွေ ပြန်ကူးရဦးမယ်လေ နွေရတုရဲ့ ..."

ဒါပဲပြောပြီး စက်ဘီးကလေးနင်းကာ ကြိုးကြာ ထွက်သွားသည် ။

"ကိုကို"

"ဘာလဲ"

"အမလေးနော် .... ဒီနေ့မှ ကိုကို့အသံက မာနေလိုက်တာ။ ဟွန်း ... ကိုကို့အနားမှာ ကျူးတစ်ယောက်လုံး ရပ်နေတာရော ကိုကို သတိရ သေးရဲ့ လားဟင်"

"ကျူးနော် ... ကိုကို့ကို ပြဿနာမရှာနဲ့ "

"အောင်မယ် ... ကျူးက ဘယ်မှာ ပြဿနာရှာလို့ လဲ"

သူ့စက်ဘီးနောက်မှာ ရပ်ရင်း ကျူး နှုတ်ခမ်းလေးမဲ့ကာ ပြောသည် ။ ဘယ်သူနဲ့ ခင်တာမှ လည်း မကြိုက်။

မိန်းကလေးတစ်ယောက်နဲ့ ခင်မင်ပတ်သက်ပြီဆို ရွဲ့လားစောင်း လားနဲ့ အမျိုးမျိုး ပြဿနာရှာ။ စိတ်ကောက်နေတတ်တာလည်း ကျူးရဲ့ အကျင့်။

"ဟာ ... ကျူးပြောလိုက်လို့ ကြိုးကြာ လှည့်ထွက်သွားတာလေ"

"ထွက်သွားပစေလေ ... ဘာဖြစ်လဲ ..."

"ကျူး မကောင်းဘူးကွာ ... ကြိုးကြာကို အားနာစရာ"

"ဟာ ... အားနာရင် လိုက်သွားလေ ... သွား ... သွား ဒီနေ့ကစပြီး ကိုကို့စက်ဘီးလည်း ကျူး မစီးတော့ဘူး ကျူးဟာကျူး တစ်ယောက်တ ည်း လမ်းလျှောက်ပြန်မယ်"

"ဟာ ...ကျူး"

ဆောင့် ... ဆောင့်နဲ့ ကျူး ထွက်သွားသည် ။

နွေရတု လိုက်ရပြန်ပြီ။

"ကျူးနော် ... စက်ဘီးပေါ် အခုတက် ..."

"မတက်ဘူး ... မတက်ဘူး ... တစ်သက်လုံး မတက်ဘူး"

ကျူး ဆံပင်တိုလေးတွေက လေထဲမှာ ခါနေသည် ။ ကျောပိုးအိတ်ကိုလည်း စလွယ်သိုင်းလေး ဖြစ်အောင် ပြောင်းလွယ်လိုက်၏။

"နင် တကယ်မတက်ဘူးနော်"

"ဟာ ... မတက်ပါဘူးလို့ ဘယ်နှခါ ပြောရမလဲ"

ကျူး မျက်စောင်းကိုလည်း ထိုးသည် ။ နှုတ်ခမ်းကိုလည်း ဟွန့်ခနဲ နှစ်ဆမဲ့၏။ နွေရတု စိတ်ပျက်ရတာလည်း အဲဒါ။

"ကျူးနော် ... မဆီမဆိုင် နင် ငါ့ကို ပြဿနာ မရှာနဲ့ ၊ ကြိုးကြာ ဘယ်လောက် သနားဖို့ ကောင်းလဲ ... သူက တို့ မြို့ကို အခုမှ ပြောင်းလာလို့ အဖော်သူငယ်ချင်း မရှိဘူး ဖြစ်နေတာ၊ ငါက အတန်းထဲမှာ မော်နီတာဆိုတော့ အတန်းပိုင်ဆရာမကလည်း လိုတာရှိရင် အကူအညီပေးဖို့ ငါ့ကို အပ်တယ်"

"လာမပြောနဲ့ စိတ်မဝင်စားဘူး ..."

ကျူး ပြန်အော်ရင်း ခြေလှမ်းကို နှစ်ဆ တင်ပစ်သည် ။

"အေး ... နင် ... စိတ်မဝင်စားလည်း ငါကတော့ ပြောရမှာ ပဲ"

"ကိုကိုနော် ... ဘယ်လို ဖြစ်နေတာလဲ"

ကျူး ခြေလှမ်းကလေးကို တုံ့ခနဲ ရပ်ပစ်လိုက်ပြီ။

"ကျူး ငိုမှာ နော်"

မကျေမနပ် လှည့်ကြည့်ရင်း ပြောနေတဲ့ ကျူးပုံစံလေးက တကယ်ငိုချတော့မည့်အတိုင်း ကျူးကို တစ်သက်လုံး မနိုင်ခဲ့တာလည်း အဲဒါပဲ။

"ငိုလေ ... နင်မရှက်လို့ လမ်းမကြီးပေါ်မှာ ငိုတာ၊ ကြိုက်သလောက် ငို သိလား ... အလကားနေ အလကား နင် ခဏခဏ စိတ်ကောက်ပြီး

တော့ ငါ့ကို ပြဿနာရှာတာ၊ ကြိုးကြာကို ဘယ်လောက် အားနာဖို့ ကောင်းလဲ"

"အဲဒါ အားနာရင် ကိုကိုလဲသေလိုက်ပါလား"

ဆတ်ခနဲ ခါးလေးထောက်ချပြီး ပြောတော့ ဆံပင်တိုလေးတွေက ဘယ်ညာ ယမ်းသွားသည် ။ ဒါကို ကြည့်ကာ နွေရတု မျက်မှောင်ကျုံ့သွား၏။

"ကျူးနော် ... စကားပြောတာ မရိုင်းနဲ့ "

"ဟာ ... ကိုကိုပဲ ကျူးကို ရိုင်းအောင်လိုက်လုပ်နေတာလေ၊ ကိုကို ဘာလို့ ကြိုးကြာကို ကျူးရှေ့ရောက်အောင် ခေါ်လာလဲ"

"ဟာ ... ခင်ဖို့ ကောင်းတဲ့ သူငယ်ချင်း အသစ်တစ်ယောက် တိုးလာလို့ ကိုကိုက ကျူးနဲ့ မိတ်ဆက်ပေးမယ်ဆိုပြီး ဝမ်းသာအားရ ခေါ်လာတာလေ ... ကျူးက မပတ်သက်ချင်သလို ဂျစ်ကန်ကန် လုပ်ချလိုက်တော့ ဟိုက ရှက်ပြီး လှည့်ထွက်သွားတာ၊ အဲဒါ ကျူးဆိုးတာ မဟုတ်ဘူးလား"

"ဆိုးတယ် ... ဆိုးတယ် ဘာဖြစ်လဲ ..."

"ကြည့် ... တွေ့လား"

နွေရတု မျက်မှောင်လေး ထပ်ကျုံ့သွားရပြန်ပြီ။ ပြောပြီးတာနဲ့ ကျူးက ချာခနဲ လှည့်ထွက်သွားသည် ။ တစ်လမ်းလုံးလည်း ပါးစပ်က ပွစိပွစိ ပြောသွားတာ သူဘယ်လိုမှ နားမခံသာ။

"ကြိုးကြာ မကလို့ ကြိုးကြာအဖေကြီးပဲဖြစ်ဖြစ် ကျူးနဲ့ ကိုကိုကြားမှာ ရှုပ်လို့ ရှုပ်တယ် ပြောတာ ဘာဖြစ်လဲ ... မခင်ချင်ပါဘူး၊ အလကား အပိုတွေ ... စကားပြောတာလည်း ပဲက တစ်ပိဿာလောက်

နဲ့ ... သူ့ကိုယ်သူ အူဝဲစတိုင် ဖမ်းနေတာ"

"ကျူးနော်"

"ဟာ ... လာမအော်နဲ့ နော်"

ဘယ်လိုမှ လည်း ပြောလို့ မရ၊ စက်ဘီးပေါ်တက် ဆိုတော့လည်း မတက်။

"ကျူးရာ ... ကိုကို့ကို စိတ်ညစ်အောင် မလုပ်နဲ့ ကွာ၊ ဒီကမ္ဘာပေါ်မှာ ကျူးတစ်ယောက် တည်းကပဲ ဗိုလ်ကျပြီး ကိုကို့ကို အပိုင်သိမ်းထားချင်လို့ ရမလား"

"အမလေး .... တစ်ယောက်တည်း သိမ်းထားလို့ မရတာ သိတယ် ... သိတယ် ... သိလို့ လည်း ကိုကို ဘယ်လောက်ရှုပ်နိုင်မလဲဆိုပြီး လွှတ်ထားတာ၊ လိုက်သွား ... လိုက်သွား ... ကျူးကို မစောင့်နဲ့ ၊ ကျူးမှာ လည်း စက်ဘီးနဲ့ တင်ခေါ်မယ့်သူတွေ အများကြီး"

စိတ်မထင်ရင် မထင်သလို တကယ်လုပ်တတ်တဲ့ ကျူး။

"အောင်မင်းခန့်ရေ .. အောင်မင်းခန့် ..."

"ဖြောင်း ... ဖြောင်း"

လက်ခုပ်ကိုလည်း နှစ်ချက်ဆင့်တီးသည် ။ အောင်မင်းခန့် စက်ဘီးနောက်ကိုလည်း ဘာမပြော ညာမပြော စွေ့ခနဲ ခုန်တက်ကာ လိုက်သွား၏။

မျက်လုံးပြူးကျန်ခဲ့တာ နွေရတုလေ။ ဘယ်လိုလုပ်မလဲ။

နားပန်ကျင်းပစ်လိုက်ချင်တာ တစ်ပိုင်းကို သေလို့ ။

*****

## အခန်း (၂)

"ကျူး ..."

"ဘာလဲ ... ဘာလဲ"

"စိတ်မကောက်နဲ့ ... ရော့ ... ဒီမှာ နင်ကြိုက်တဲ့ ရှောက်သီးသုပ် ..."

"ဟာ ... မစားဘူးနော် ..."

"ကျူးရာ ... ကျူး ကိုကို့ကို တကယ်အနိုင်ကျင့်တယ်ကွာ"

နွေရတု စိတ်ပျက်လက်ပျက် ညည်းသည် ။

"ကိုကိုနော် ... ကျူးအနားကို လာဖို့ ကိုကို လုံးဝ မစဉ်းစားနဲ့ လာတာနဲ့ ဟောဒီအုတ်ခဲနဲ့ ကို ကောက်ထုမလို့ စဉ်းစားထားတာ"

ကျူးဘေးမှာ ချထားတာ အုတ်နီခဲကျိုးတစ်လုံး။ ခြံနောက်ဘက်က အရိပ်ကောင်းသော ခရပင်ကြီးအောက်မှာ ကျူးတစ်ယောက်တည်း ငေါင်းစင်းစင်းလေး ထိုင်နေခဲ့တာဖြစ်သည် ။

"တကယ် ... ထုမှာ လား"

"ထုမှာ ... ထုမှာ ..."

လက်ကလည်း အုတ်နီခဲကျိုးကို ကောက်ကိုင်သည် ။ နွေရတု လှမ်းကြည့်ရင်း နှုတ်ခမ်းကို မဲ့မိ၏။

"ဟွန်း ... ဒီက စေတနာနဲ့ စားပါစေတော့ဆိုပြီး ရှောက်သီးသုပ်လာပို့တာ ..."

"ဟာ ... ခင်ဗျားကို ဘယ်သူပို့ခိုင်းလို့ လဲ ..."

ကျူးစွာနေတာ ကက်ကက်လန်နေသည် ။ မျက်လုံးကြီး ပြူးထားတာလည်း အစိမ်းလိုက် ဝါးစားတော့မယ့်ပုံ။ သူ့မှာ တော့ ရှောက်သီးသုပ်ပန်းကန်ကြီး တကိုင်ကိုင်နဲ့ ။

"မစွာနဲ့ နော် ကျူး ... ကျောင်းကပြန်လာကတည်းက ဘာမှ မစားဘဲ ခရေပင်အောက်က ခုံတန်းလေးမှာ တစ်ယောက်တည်းထိုင်ပြီး စိတ်ကောက်နေတယ်ဆိုလို့ ကိုကိုလာချော့တာ၊ အဲဒါ ... ကြီးကြီးစံကိုလည်း ကိုကို ခုပဲပြောခဲ့တယ်"

"ကြည့်စမ်း ... မေမေ့ကိုတောင် ချွန်တွန်းလုပ်ခဲ့ပြီပေါ့လေ၊ အလကား ငချွန်ကြီး ... ညစ်ပတ် စုတ်ပဲ့တဲ့ အတို့ အထောင်ကြီး၊ ဟွန်း ... မဟုတ်တာ ပြောခဲ့လို့ ကတော့"

အုတ်ခဲကျိုးကို ကိုင်ထားတာလည်း လက်ကမချ။

"မဟုတ်တာ ပြောစရာလား၊ ကြီးကြီးစံသမီး စိတ်ကောက်ပြီးတော့ တွေ့ရာစက်ဘီးနဲ့ ကောက်လိုက်သွားတယ်လို့ ပြောလိုက်တာ"

"ဘာ ... ဘာရယ်"

"ဟုတ်တယ်လေ ... ပြောစရာလားဟင် ၊ အယုတ်တမာ ချွန်တွန်းကြီးရဲ့ ... ကဲဟယ် ... ကဲဟယ် ..."

အုတ်ခဲကျိုးကို ပစ်ချပြီး သူ့ရင်ဘတ်နဲ့ လက်မောင်းတွေကို တဘုန်းဘုန်း ထုရိုက်သည် ။ ရိုက်ပြီးတော့လည်း သူ့ကို ကျောခိုင်းကာ လှည့်ထိုင်၏။

"ကျူးလေးရေ ... ကျူးလေး"

"ဟော ... ဟိုဘက်ခြံကနေ မေမေလိုက် လာပြီ"

ကြည့်လိုက်တော့ မေမေ့လက်ထဲမှာ နှစ်ဆင့်ချိုင့်တစ်လုံးနဲ့ ။

"ဒီမှာ လေ ကျူးလေးစားဖို့ ... ကြာဆံဟင်းခါးလေး ယူသွားပါဆို တာ ရှောက်သီးသုပ် ပန်းကန်ပဲယူပြီး ထွက်သွားတယ် ... ကျူးလေး စိ တ်ကောက်နေတာ သွားချော့မလို့ တဲ့ ... ကတိုက်ကရိုက် ထွက်သွားတာ ... ကြာဆံဟင်းခါးချိုင့် မေ့ကျန်ခဲ့လို့ ..."

"ဟွန်း ... မသောက်ဘူးနော်၊ ကြီးကြီးသိမ့် ..."

မေမေ့ကိုလည်း အရမ်းနိုင်တဲ့ ကျူး ...။ မေမေက စားစေချင်လို့ မျ က်နှာငယ်ငယ်လေးနဲ့ ချိုင့်လေးဆွဲပြီး ဒီဘက်ခြံထဲထိ လိုက်လာတာ တောင် ကျူးက ခါးခါးသီးသီးလေးနဲ့ နှုတ်ခမ်းလေးမဲ့ပြီး ပြန်ပြောနေသ ည်။

"မေမေရေ ... ဒီမှာ မေမေ့သမီးကျူးက စိတ်ကောက်နေလို့ သားချော့နေတာ ... ခုထိလည်း စိတ်ကောက်မပြေသေးဘူး"

"သားကလည်း ကွယ် ... ကျူးလေး စိတ်ကောက်အောင် ကျောင်းမှ သား ... ဘာတွေ လုပ်ခဲ့ပြန်ပြီလဲ ... ဟိုတစ်ခါတုန်းကလည်း ဆေးလိပ် ခိုးသောက်တဲ့ ကောင်လေးတွေနဲ့ ရပ်စကားပြောနေလို့ ကျူးစိတ်ကော က်သေးတယ်ဆို"

"ဒီတစ်ခါ ကောက်တာက အမှုပိုကြီးတယ် မေမေရ ၊ လာပါ မေမေပါ ဝိုင်းချော့မှ ကျူး စိတ်ကောက်ပြေတော့မှာ ..."

သိမ့်သိမ့်သူ ပြုံးလိုက်မိတာ ကျူးအကြောင်းကို သိနေလို့ ပါပဲ။ ကျူး ဆိုတာက ငယ်ငယ် ကလေးကတည်းက ခြံဝိုင်းချင်း ဘေးချင်းကပ် အ

တူနေလာခဲ့တာလေ။ သား နွေရတုနဲ့ ဆို တစ်နှစ်ကြီး တစ်နှစ်ငယ်တွေ ပေ့ါ။ ကျောင်းနေတဲ့ အရွယ်မရောက်ခင် သုံးနှစ်သမီး လေးနှစ်သား အရွယ်လေးတွေကတည်းက ကစားဖော် ကစားဖက်၊ ရန်ဖြစ်ဖော် ရန်ဖြစ်ဖက် ဘဝနဲ့ ကိုးတန်း ဆယ်တန်း အရွယ်တွေကို ရောက်လာကြတာ။ ခုတော့ ... သား နွေရတုကလည်း လူပျိုကြီး ဖားဖား ကျူးလေးကလည်း ဝင်းဝင်းနှစ်နှစ်ကလေးနဲ့ မျက်နှာလေးကလည်း တအားကို ချစ်ဖို့ ကောင်းနေတာ။ သချာတာက ....

ကျူးစိတ်ကောက်ပြီဆိုတာနဲ့ ... နှစ်ခြံစလုံးမှာ ရှိသမျှလူတွေ ကျူးကို ဝိုင်းချော့ကြရတာပါပဲ။ ဒီအထဲမှာ သိမ့်သိမ့်သူက ရှေ့ဆုံးကပေ့ါ။ ချိုင့်လေးချရင်း ခုံတန်းဝိုင်းကလေးမှာ ဝင်ထိုင်တော့။

"ဟာ ... ကြီးကြီးသိမ့်နော် ... ကျူး ဘာမှ မစားချင်ဘူးလို့ ၊ ကြီးကြီးသိမ့်ကို ပြောနေတယ်နော် ... ပြန်ယူသွား၊ ပြန်ယူသွား ... ဟွန်း ... ဟွန်း"

နှုတ်ခမ်းလေးကို စူပုပ်ထားတာလည်း မိုင်ကုန်ပါ။

"အို ... ဘာလို့ မစားရမှာ လဲ ကျူးလေးရယ် ... ကြာဆံဟင်းခါးရောက်သီးသုပ်ကို ကျူးလေး သိပ်ကြိုက်လို့ ကြီးကြီးသိမ့်က ခဏခဏ ချက်ပေးနေတာ"

"ဟာ ... ဘယ်လိုဖြစ်နေတာလဲ ... ကျူး မစားဘူးနော်၊ ကြီးကြီးသိမ့် စားစေချင်ရင် ကြိုးကြာ ဆိုတဲ့ ကောင်မလေးကို သွားကျွေး"

"ဟင် ... ဘယ်က ကြိုးကြာလဲ ..."

သိမ့်သိမ့်သူ မျက်ခုံးနှစ်ဖက် ပင့်တက်ရပြီ၊ ကြိုးကြာတဲ့ ... နာမည်လေးက ခပ်ဆန်းဆန်းလေး။

"မေးလေ … အဲဒါ ကြီးကြီးသိမ့်သားကိုပဲမေး"

သူ့ကိုလည်း မျက်စောင်းဝင့်ဝင့်ကြီး လှမ်းထိုးသည် ။

"မေမေရာ …. ကြိုးကြာက သားတို့ ကျောင်းကို အခုမှ ပြောင်းလာတဲ့ ကောင်မလေး။ အဲဒါ ကြိုးကြာနဲ့ သားက တစ်တန်းတည်းသား သူငယ်ချင်းတွေ ဖြစ်သွားလို့ ကျုပ်နဲ့ မိတ်ဆက်ပေးမိတာကို စိတ်ကောက်ပြီး ပြဿနာရှာနေတာလေ"

"ရှာတယ်လေ … ရှာတယ် …. ဘာဖြစ်လဲ၊ ဟိုက မာနကြီး တစ်ခွဲသားနဲ့ ကျုပ်ကို ခြေဆုံး ခေါင်းဆုံးကြည့်ပြီး မျက်နှာလေးက ချစ်ဖို့ ကောင်းသလေး ဘာလေးနဲ့ ခနဲ့ သလိုလို ရွဲ့သလိုလို လုပ်ပြီး ပြောသွားတာ ကျုပ်က ခေါင်းငုံ့ခံနေရမလား"

တွေ့လား မကျေနပ်တာက အဲဒါ …။ ကိုကိုနဲ့ ပတ်သက်ပြီး စွာတေး လန်ရမယ်ဆိုလည်း ကျုပ်တို့ က နှစ်ယောက်မရှိအောင် လန်တတ်ပ့ါ။

"သွားကျွေးပါ … သွားကျွေးပါ အဲဒီ ကြိုးကြာဆီကိုပဲ လေးဆင့်ချိုင့်ကြီးနဲ့ ထည့်ပြီး ကြီးကြီးသိမ့် သွားကျွေးလိုက်ပါ။ ကျုပ်ကို လာကျွေးလို့ ကတော့ အကုန်မှောက်ပစ်မှာ … ခုလည်း မစားဘူး၊ နောက်လည်း ဘယ်တော့မှ  မချက်နဲ့ တော့၊ အဲဒါ … ကျုပ် အပြတ်ပြောတာ နော် ကြီးကြီးသိမ့် … ကျုပ်ကတော့ လုံးဝပဲ …."

"သားရယ် … မင်းကလည်း ကျုပ်မကြိုက်မှန်း သိသိကြီးနဲ့ ဘာလို့ ကျုပ်ရှေ့ကို ခေါ် လာပြီး မိတ်ဆက်ပေးရတာလဲ … နောက်တစ်ခါ အဲဒီ ကောင်မလေးနဲ့ သွားအရောမဝင်နဲ့ ကျုပ်မကြိုက်ရင် မေမေလည်း မကြိုက်ဘူး … ဒါပဲ …"

သိမ့်သိမ့်သူ ကျုပ်ကျေနပ်အောင် ပြောမိသည် ။

ဒီလိုပြောရတာလည်း ကိုယ်က အစစအရာရာ အဆင်မပြေသူမို့ အရေးရယ် အကြောင်းရယ်လို့ ရှိရင် ကျူးတို့ မိသားစုလေးဆီကနေပဲ ဆွဲဟယ် လွဲဟယ် ချေးဟယ် ငှားဟယ် လုပ်နေရတာလေ။ ဒါကြောင့်မို့ ကျူးအကြိုက်လေးကို လိုက်ပြီး မျက်နှာချို သွေးနေရတာ။

"ကိုကိုနော် ကြီးကြီးသိမ့်ပြောတာကို ကိုကိုကြားလား"

"ကြားသားပဲ"

ဖြေနေတာ မလှုပ်တလှုပ်။ ဘယ်လိုလုပ်မလဲ။ ကျူးက မေမေနဲ့ ပါကိုင်ပေါက်နေတော့တာ။ နွေရတု ထပ်ပြောရင်လည်း ပြဿနာအရစ်က ထပ်ရှည်နေဦးမည်။

"ဟင် ... ကြားသားပဲလို့ ပြောတာ အေးတိအေးစက်ကြီးနဲ့ "

"ဟဲ့သား ... ကျူးမေးနေတာ ကောင်းကောင်း ဖြေ လိုက်လေ"

"ဖြေနေတာပဲ မေမေရ"

"ကြီးကြီးသိမ့်နော် ... ကိုကိုက အရမ်းဂျလည်ကျတာ"

"အောင်မယ် ... ငါက ဘာဂျလည်ကျလို့ လဲ ..."

"ဘာလို့ မကျရမှာ လဲ ... ကျူးမကြိုက်မှန်း သိသိကြီးနဲ့ ခပ်တည်တည် လာမိတ်ဆက်ပေး တာလေ ... ကျူးကသာ လက်ခံလိုက်လို့ ကတော့ ၊ ဟင်း ... ဘယ်လောက် မျက်စိနောက်အောင် ရှုပ်ယှက်ခတ်နေမလဲဆိုတာ ... "

နှုတ်ခမ်းလေး မဲ့ကာ မဲ့ကာနဲ့ ကျူးပြောနေတာ။ သိမ့်သိမ့်သူကတော့ ပြုံးနေမိသည် ။ ကျူး အနိုင်ယူပြောနေတာကိုပဲ ခွင့်လွှတ်နေရတဲ့ အဖြစ် ။

"ဒါပဲနော် ကြီးကြီးသိမ့် ... အခုကတည်းက ကြီးကြီးသိမ့်ကို ကျူး အပြတ်ပြောထားမယ် ... ဒီနေ့ကစပြီး ကိုကို့ကို ကြီးကြီးသိမ့် မပိုင်တော့ ဘူး ကျူးပိုင်တယ် ... တစ်နေ့ကျရင် ကျူး သဘောတူတဲ့ လူနဲ့ ပဲ ကိုကို့ ကို ပေးစားမယ်"

"အမလေး ... ပေးစားပါ ... ပေးစားပါ ... ဟင်း ဟင်း"

"ကျူး ဘယ်သူနဲ့ ပေးစား ပေးစား ကြီးကြီးသိမ့်က အမေဆိုပြီး ဝင်မ ရှုပ်ရဘူးနော် ... ကျူးက မပေါင်းနဲ့ အခုဖြတ်ဆိုရင် ကိုကို ဖြတ်ရမယ်၊ ကျူး သဘောတူ ခွင့်ပြုတဲ့ လူနဲ့ ပဲ ကိုကို ပေါင်းရမယ် ... ဘယ်လိုလဲ"

"ဟဲ့ သား ... ခေါင်းညိတ် လိုက်လေ"

"ကျူးရာ ... နင် တကယ် ရစ်တယ်ဟာ"

ကျူးလှည့်လာတာ မျက်လုံးပြူးကြီးနဲ့ ။

"ဟွန်း ... စကားဆိုတာ ခုရှုပ်မှ နောင်ရှင်းတဲ့ ၊ ကြီးကြီးသိမ့်ကို သ က်သေထားပြီး ကျူးပြောနေတာ၊ ကြီးကြီးသိမ့် သဘောတူတယ်ဆိုရင် ဒီနေ့ကစပြီး ကိုကို့ကို ကျူးပိုင်တယ်"

"တူပါတယ် ကျူးရယ် ... ဒီနေ့ကစပြီး ကိုကို့ကို ကြီးကြီးသိမ့် မပိုင် တော့ဘူး၊ ကျူးကိုပဲ အပိုင်ပေးလိုက်တော့မယ်"

"တကယ်နော် ... ကြီးကြီးသိမ့် ... ဘုရားစူးနော်"

"စူး ... စူး ... ကြိုက်သလောက်စူး"

"ဟေး ... ဟေး ... ဖြောင်း ... ဖြောင်း"

အော်လည်း အော် ... လက်ခုပ်လည်း တဖြောင်းဖြောင်းတီးနဲ့ ။

"ကြီးကြီးသိမ့် ကတိဖျက်ရင် ခွေးခေါင်းဓားစက်ကြီးနဲ့ ကြီးကြီးသိမ့်

ခေါင်းကို ဖြတ်မှာ နော် ... ကျူးက အသက်ကြီးလာတဲ့ အထိ ကြီးကြီးသိမ့်ပေးထားတဲ့ ကတိကို အသေမှတ်ထားမှာ ... မရဘူး၊ ကျူးက အစွဲအလမ်းကြီးတယ် ... ဟား ... ဟား...."

ကျူးပျော်နေရင် လူတွေလည်း စိတ်ချမ်းသာ၊ နတ်တွေလည်း စိတ်ချမ်းသာ။ ခုန်ပေါက်ပျော်နေတာ အမြင်တောင် ကတ်လိုက်ပါသေးရဲ့ ။

*****

# အခန်း (၃)

ဒီတစ်ခါတော့ ကျူးတို့ နှစ်ယောက်က ကိုကိုနေတဲ့ သစ်သားပျဉ်ထောင်အိမ်လေးပေါ်မှာ ။ ကိုကို စာကျက်နေတာကို ကျူးက လက်ကလေးထောက်ပြီး ငေးကြည့်နေခဲ့တာဖြစ်သည် ။

"ကိုကို ...."

"ဘာလဲ ..."

"အမလေးနော် ... ဖြေတာကလည်း ဆောင့်ဆောင့်အောင့်အောင့်ကြီးနဲ့ ...."

နှုတ်ခမ်းလေးမဲ့ပြီး ကိုကို့မျက်နှာလေးကိုပဲ ကျူးစိုက်ကြည့်သည် ။

"ဒီမှာ စာကျက်နေတယ်လေ ... ဘာမေးမလို့ လဲ .... မေး မေး"

"ကိုကို့ရဲ့ ဓာတ်ပုံလေး တစ်ပုံလောက် ကျူးကိုပေးပါလားဟင်"

"အောင်မယ် ... ငါ့ဓာတ်ပုံကိုယူပြီး ညည်းလေးက ဘာလုပ်ချင်လို့ လဲ ... နောက်ဖေး မီးဖိုခန်းထဲမှာ ထားပြီး ကြွက်ခြောက်ဦးမလို့ လား

"ဟဲ ဟဲ ... ခြောက်သင့်ရင် ခြောက်မှာ ပေ့ါ ကိုကိုရ .... ဘယ်လိုလဲ ပေးမလား မပေးဘူးလား ... တစ်ခွန်းတည်းပြော"

"မပေးဘူး"

"ကိုကိုနော် သူများက စာကြည့်စားပွဲမှာ ထောင်ထားမလို့ တောင်းနေတဲ့ ဟာကို"

ထုံးစံအတိုင်း ကျူးက မျက်စောင်းကလေးရွယ်လျက်။

"ကျူး ... ဒီမှာ ငါစာကျက်နေတယ်ဟာ"

"ကျက်ကျက် မကျက်ကျက် မပေးရင် ခိုးမှာ နော် ..."

စူပုပ်ပုပ် မျက်နှာလေးနှင့် ကျူးနှုတ်ခမ်းကလေး မဲ့သည် ။ ကိုကို့ဆီက မျက်စောင်း ဝင့်ဝင့်ကလေး ကျူးဆီကို ပြေးလာ၏။

"ကျူး ... နင် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ဖြစ် ကျူးလိုချင်တာ မရရင် ကိုကို့ကို ပြဿနာရှာမှာ ပဲ ... ကျူးက ကိုကို့ဆီက ဓာတ်ပုံတောင်းမယ်ဆိုပြီး ညကတည်းက စဉ်းစားထားတာ ... လုပ်ပါ ကိုကိုရာ ... ကျူး စာကြည့်စားပွဲလေးမှာ ကိုကို့ဓာတ်ပုံလေးကို ထောင်ထားပြီးတော့ ကျူး စာကျက်ချင်လို့ ပါ ... ပေးနော် ... ကိုကို ..."

"ဟာ .... မပေးပါဘူးလို့ ဆိုနေမှ ...."

"ကိုကိုပေးရင် ကျူးလည်း တစ်ပုံပြန်ပေးမယ်လေ"

"အောင်မယ် ... နင့်ရုပ်ကို ငါက ဘာလုပ်ရမှာ လဲ"

"ကိုကိုနော် ..."

ကျူး မျက်စောင်းလေး ထပ်ပြီးတော့ ဝဲသွားရပြန်သည် ။

"ကိုကို ကျူးကို မချစ်ဘူးလား"

"မချစ်ဘူး"

"ကိုကို"

"ဘာလဲဟာ ... ဘာလဲဟာ...."

နွေရတု စာကျက်လို့ မရတော့။ စာအုပ်ကို ပိတ်ချလိုက်ပြီး ကျူးမျက်နှာလေးကိုပဲ လှည့်ကြည့် လိုက်ရပြီ။

"တွေ့လား ... အဲဒီကိုကို တကယ်အကျင့်ပုပ်တယ်၊ သူများ ပြောနေတာကို ကောင်းကောင်း လည်း နားမထောင်ဘဲနဲ့ စာအုပ်ကို ပိတ်ပစ်တယ်"

"ဟ ... မပိတ်လို့ ရမလား ... ဒီနေ့ ကျောင်းပိတ်ရက်လေးမို့ တစ်ပတ်စာလေ့ကျင့်ခန်းတွေ ပြန်လုပ်နေရတဲ့ ဟာကို "

"ကိုကို "

ကြည့် ... ပြောလည်း မပြော။ ကိုကိုလို့ ခေါ်ပြီး နှုတ်ခမ်းလေး စူတင်းထားသည် ။ မျက်မှောင်ကုတ်ကုတ်လေးနှင့်ပဲ သူ့မျက်နှာကို မကျေမနပ် မော့ကြည့်နေ၏။

"သူများ တောင်းတဲ့ ဓာတ်ပုံကို ကိုကိုမပေးရင် နောက်ဘယ်တော့မှ ကိုကို့ဆီ ကျူး မလာတော့ဘူး"

"မလာနဲ့ ... မလာနဲ့ ၊ အဲဒါမှ နားငြီးသက်သာသွားမယ်"

"အဲဒါ တကယ်နော်"

"တကယ်ပြောတာ ... တကယ်ပြောတာ ..."

နွေရတု အရွဲ့တိုက်ဖြေနေတာ။ နှုတ်ခမ်းလေးကပါ မဲ့လို့ ။

"တွေ့လား ... အဲဒီကိုကို ကျူးဆိုရင် ဘယ်တော့မှ မချစ်ဘူး၊ ကျူးကတော့ ကိုကို့ဆိုရင် ချစ်လိုက်ရတာ၊ ကျောင်းတက်ရင်လည်း ကိုကို့ကို သ

တိရ၊ စာကျက်ရင်လည်း ကိုကို့ကို သတိရ၊ ဟဲ ဟဲ ... ဘုရားရှိခိုး ပုတီးစိပ်တော့လည်း ကိုကို့မျက်နှာလေးက ပေါ်လာ"

"ဟိတ် .... သူခိုးမ ... မိပြီ ... မိပြီ ... ဟား ... ဟား ..."

အံဆွဲကို မသိမသာ ဖွင့်ပြီး စကားရောဖောရောနဲ့ အံဆွဲထဲက ဓာတ်ပုံအယ်ဘမ်လေးကို ခိုးမလို့ ချောင်းနေတဲ့ ကျူးလက်ကို တအား ပုတ်ချလိုက်တာ။ ကျူးမျက်နှာလေးပင် ရှုံ့မဲ့သွားရသည် ။

"ဟား ... ဟား ... ဒီအထာတွေ ရိုးသွားပြီသိလား"

"အဟင့် ...."

ကျူးမှာ သူခိုး လူမိသွားတာမို့ ... မျက်နှာလေးက ငိုမဲ့မဲ့လေးတောင် ဖြစ်လို့ ။ ပိုဆိုးတာက ကိုကိုက အံဆွဲထဲရောက်နေတဲ့ ကျူးလက်ကို ရိုက်ချပြီးတော့မှ မလွှတ်တမ်း ဆုပ်ကိုင်ထားတာပါ။ ကျူး ရှန်းတော့လည်း အသားချင်းလည်း ထိ၊ မျက်နှာချင်းလည်း ထိနဲ့ ။

"လွှတ်နော် ကိုကို ... ကျူးလက်ကို အခုလွှတ် ..."

"မလွှတ်ဘူး ... လွှတ်ရင် ခင်ဗျားလေးက ဓာတ်ပုံအယ်ဘမ်ကိုယူပြီး ထွက်ပြေးတော့မှာ လေ ... လွှတ်လိုက်လို့ ရမလား"

"မလွှတ်ရင် ရိုက်မှာ နော် ... ကဲ ...ကဲ ..."

"ဘုန်း ... ဘုန်း ..."

"ဟား ... ဟား ...."

"ချလွင် ... ချလွင် ...."

"ကြီးကြီးရေ ... ကြီးကြီး ... ဒါ ... ဒါ နွေရတုတို့ အိမ်လားဟင်"

"နွေရတု ရှိလား ...."

အိမ်ရှေ့ ကြိုးတန်းလေးမှာ လျှော်ပြီးသားအဝတ်တွေကို လှမ်းနေတဲ့ သိမ့်သိမ့်သူ တစ်ယောက် ကြက်သွေးရောင် ဝမ်းဆက်ဝတ်စုံကလေးဝတ်ပြီး ခြံရှေ့ကိုရောက်လာတဲ့ ကောင်မလေး တစ်ယောက်ကို ကြည့်ကာ တအံ့တဩနဲ့ မျက်ခုံးတန်းလေးပင် ကျုံ့တက်သွားရ၏။ ဘယ်သူလဲဟင် ... တစ်ခါမှ လည်း မမြင်ဘူးပါလား။

သိမ့်သိမ့်သူ လှမ်းလက်စ အဝတ်တွေကို ဒီအတိုင်းထားခဲ့ပြီး ခြံတံခါးလေးကို အပြေးကလေး သွားဖွင့်ကာ မေးရသည် ။

"ဟုတ်တယ်လေ သမီး ... ဒါ နွေရတုတို့ အိမ်ပဲ ... သမီးက ဘယ်ကလဲ"

"နွေရတု အတန်းထဲက သူငယ်ချင်းပါ ကြီးကြီး ... သမီးနာမည်က ကြိုးကြာလို့ ခေါ်ပါတယ်"

"ဟင် ... ကြိုးကြာ .... ဟုတ်လား ..."

အမလေးနော် ... ကြိုးကြာတဲ့ ။ ဘုရား ...ဘုရား။

ကျူးကလည်း ဒီခြံထဲရောက်နေတာ ဒုက္ခပါပဲ။ ဒါကို ကျူးကလည်း စာကြည့်စားပွဲ ပြတင်းပေါက်လေးကနေ ကြိုးကြာရောက်လာတာကို တွေ့ဖြစ်အောင် တွေ့လိုက်သည် ။

"ဟယ် ... ကြည့်စမ်း ..."

"ဘာ ... ဘာလဲဟင် ကျူး .... ဘာတွေ့လို့ လဲ"

"ကြိုး ... ကြာ ...မ ..."

နွေရတုလည်း မျက်လုံးပြူးနေရပြီ။

ကျူးတစ်ခွန်းတည်း ဖြေလိုက်တာ ကြိုးကြာမတဲ့ ။

"သူ ... သူ ဒီကို ဘာလာလုပ်တာလဲဟင် ကိုကို ...လာစရာလား ... သူ့ကို ဘယ်သူမှ မဖိတ်ဘဲ ဒီအိမ်ကို လာစရာလား"

"နေပါဦး ..."

ကိုကို ပျာယာခတ်သွားတာ အသိသာကြီး။ စားပွဲကနေ ဖျတ်ခနဲ ထရပ်ပြီး ခြံထဲကို ပြေးဆင်းသွားတာ ကျူးကိုလည်း မစောင့်။ ဘယ်လိုဖြစ်တာလဲ ကိုကို။ ကြိုးကြာမကို တွေ့လိုက်တာနဲ့ ကိုကို့စိတ်တွေ ဒီလောက်တောင် လှုပ်ရှားသွားရသလား။

ကျူး လက်ပိုက်နှုတ်ခမ်းမဲ့ကာ အိမ်တံခါးဝမှာ ပဲ ရပ်လျက်။

"ကြိုးကြာ .... တို့ အိမ်ကို လာလည်တာလား"

"အင်းလေ ... ကျောင်းမှာ ကတည်းက ပြောထားလို့ လာလည်တာ၊ ဟို ... ဟိုမှာ ရပ်နေတာ ကျူးဆိုတဲ့ ကောင်မလေးလား"

"ဟုတ်တယ်လေ ... ကျူးက ဒီမှာ စားအိမ်သောက်အိမ် ... လာ ... ကြိုးကြာ အိမ်ပေါ်တက်ပါဦး"

ကိုကို့နောက်မှာ ကြိုးကြာ တစ်ခါတည်း ပါလာသည် ။

ကြိုးကြာက ကျူးကို မြင်မြင်ချင်း ပြုံးပြလိုက်ပေမဲ့ ကျူးကတော့ မကြည်သလိုလေးပဲ ပြန်ကြည့်လိုက်သည် ။ ဟွန်း ... ကျူးမှ ပြုံးမပြချင်တာ။ အလကားနေ အလကား ကျူးက မျက်နှာချို သွေးနေရမှာ လား။ ဆောရီးပဲ ကြိုးကြာ ... နင့်ကို စတွေ့ကတည်းက ငါမုန်းတယ် သိလား။ ကျူး မျက်မှောင်ကုတ်ကုတ်လေးနဲ့ ပဲ တံခါးဝက ရပ်စောင့်နေလိုက်သည် ။

"လာ ... ကြိုးကြာ"

"ကျူး ... နေကောင်းတယ်နော်"

"ဟာ ... ကောင်းလို့ ရပ်နေတာ မမြင်ဘူးလား"

"ဟင် ..."

ဖြေတော့လည်း ကျူးက ဘုကန့်လန့်။

"ကျူး ... ကြိုးကြာက ခင်လို့ မင်လို့ နှုတ်ဆက်နေတာလေ"

"အို ... ကျူးမှ သူ့ကို မခင်တာ ... "

ကိုကို့ကိုလည်း မျက်စောင်းထိုးပစ်လိုက်သည် ။

"ကျူးနော် ... ကိုယ့်ဆီလာတဲ့ ဧည့်သည် ကို ..."

နွေရတု ကျူးကိုလန့်နေသလို ကြိုးကြာကိုလည်း အားနာနေသည် ။ ကြိုးကြာကလည်း ကျောင်းဝတ်စုံလေးနဲ့ မဟုတ်တော့ဘဲ အပြင်ဝတ်စုံကလေးနဲ့ ဆိုတော့ ကြည့်ရတာ တစ်မျိုးပြောင်းသွားခဲ့သလိုပင်။

"အဟင်း ... ရပါတယ် နွေရတုရယ် ... ကြိုးကြာလာတာ နွေရတုက ကြိုးကြာကို ကျောင်းပိတ်တဲ့ ရက်ကျရင် ရွှေမျက်မှန်ဘုရားကို လိုက်ပို့ပေးမယ် ဆိုလို့ ကြိုးကြာလာခဲ့တာပါ"

"ဘာ ... ဘာ"

ကြားလိုက်ရတဲ့ စကားကို ကျူး ယုံတောင် မယုံနိုင်။ တအံ့တသြ ဖြစ်သွားခဲ့ရတဲ့ မျက်ဝန်း ကလေးတွေနဲ့ လည်း ကိုကို့မျက်နှာကို ချာခနဲ လှည့်ကြည့်သည် ။

"အဲဒါ ... ကိုကို ပြောထားတာလား ...

ကျူးမေးလိုက်တာ တစ်ခွန်းတည်း ..."

"ကျူး ... နင်ဘာဖြစ်နေတာလဲ ညှော်သည် ရှေ့မှာ ကွန္ဒြေ2ရရနေစမ်း ... "

"ကိုကိုနော် ... ကျူးကို အသံမာမာနဲ့ လာအော်မနေနဲ့ ၊ သူ့ကို ရွှေမျက်မှန်ဘုရားကို လိုက်ပို့ပေးမယ်လို့ ကိုကို တကယ်ကတိပေးထားတာလား ... ကျူးမေးတာကို ကိုကိုအရင်ဖြေ၊ ကလိမ်ကကျစ် မလုပ်နဲ့ "

"ဟုတ်တယ် ... ကိုကို ကတိပေးထားတယ်"

"အဲဒါ ... ကျူးကို ဘာလို့ မပြောတာလဲ"

"မေ့နေလို့ ... မေ့နေလို့ ...ကဲ ... "

နွေရတု စိတ်မရှည်တော့။ ဒါကို ကြိုးကြာက နှစ်ယောက်စလုံးကို ပြုံးကြည့်ကာ ...

"ကဲပါ နွေရတုရယ် ... ကြိုးကြာကြောင့်တော့ ရန်ဖြစ်မနေပါနဲ့ ... သွားရင်လည်း ကြိုးကြာတို့ အားလုံးအတူတူ သွားကြမှာ ပဲဟာ၊ ဒီမှာလေ .. ကျူးနဲ့ နွေရတုကို အမှတ်တရ ပေးချင်လို့ လက်ဆောင်လေးတွေ ယူလာတာ ... စားပွဲတင် ဓာတ်ပုံမှန်ပေါင်လေးတွေလေ မလှဘူးလား ..."

ကြည့်စမ်း... ဒီလို လက်ဆောင်လေးတွေ ပေးပြီးတော့တောင် နွေရတုကို ခင်ဖို့ ကြိုးစား နေသတဲ့ လား။

"ဟာ ... လှတယ်နော် ကြိုးကြာ ... ကနုတ်ပန်းခက်ပေါင်လေးခွေထားတာ အရမ်း လက်ရာမြောက်တာပဲ"

ဓာတ်ပုံပေါင်လေးကိုကြည့်ရင်း သဘောကျနေသည် ။ ကျူး ဘာလုပ်ရမလဲ။ ကျူးက စွာတေးလန်ပြီး ခပ်မာမာ ဆက်ဆံနေတာတောင် ဒီမကြိုးကြာက စိတ်ရှည်သဘောကောင်း နေပါလား။ ကျူးကိုရော အ

ရေးအရာ လုပ်ရဲ့ လား။ ကျူးကို ဒီသုံးယောက်ထဲမှာ အငယ်ဆုံးပဲ ဆိုပြီး မကြိုးကြာ လျှော့တွက်ထားတာလားဟင်။

"ညီမလေး ကျူးကို တစ်ခုပေး လိုက်လေ နွေရတု ..."

"တွေ့လားကျူး ... နင့်ကို ကြိုးကြာက တကယ်ခင်လို့ ပေးတာရော ..."

"ဟာ ... မယူဘူးနော်"

ကျူး အထိတ်တလန့်ပဲ ငြင်းသည် ။ ဘာလို့ ယူရမှာ လဲ။ သူ့ကိုမှ ကျူးမခင်တာ။

"ကျူး ... ကျူး ... ပြန်တော့မယ်"

"ဟာ ... ကျူး ... နေဦးလေ"

ဘယ်သူ့ကိုမှ လည်း အားမနာ။ ဘယ်သူ့ကိုမှ လည်း ဂရုမစိုက်။ ကျူး စိတ်ကောက်ကာ မျက်နှာထားမာမာလေးနဲ့ ပဲ ချာခနဲ လှည့်ထွက်သွားခဲ့ပြီ။ ဒါကိုလည်း ဒေါ်သိမ့်သိမ့်သူ မြင်လိုက်ပါသည် ။

"ဘုရားရေ"

ပြဿနာတော့ တက်ရတော့မယ် ထင်တယ်၊ ဒုက္ခပါပဲ။

ကျူး စိတ်တိုတိုနဲ့ အိမ်ပေါ်က အဆင်းမှာ ကောက်စွပ်သွားတဲ့ ဖိနပ်က အစိမ်းတစ်ဖက် အနီ တစ်ဖက်ကြီး ဖြစ်နေပါရောလား။

*****